# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# ဒသမနေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ဖလမ်းမြို့ ရာပြည့်ဘောလုံးကွင်းတွင် မီတာ ၄၀၀ ပြေးလမ်းငါးခုရှိသော စံချိန်မီဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မြန်မာနိုင်ငံအတွင်း ခရိုင်အဆင့် ဆေးရုံကြီးများတွင် စိတ်ကျန်းမာရေးဆရာဝန်ကြီးများ တိုးချဲ့ခန့်ထား ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | တန့်ယန်းမြို့ ပြည်သူ့အားကစားကွင်းအား ဘက်စုံပြန်လည်မွမ်းမံပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | ဟုမ္မလင်းမြို့နယ်၊ နန်တောတိုက်နယ်ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဖြစ်အဆင့်မြှင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ငပုတောမြို့နယ်၊ မကျီးပင်တုိက်နယ်ဆေးရုံအပါအဝင် တိုက်နယ်ဆေးရုံများတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုက်နယ်ဆေးရုံ တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၁ | ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က နိုင်ငံသားတိုင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် Mobile Medical Team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့််ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် | ၁၈ |

လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

၁၂ ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း ၂၂

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း ၂၂

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၂၂

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၁-၂-၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါက်တာဆလိုင်းရီယန်းဇဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့ ရာပြည့်ဘောလုံးကွင်းတွင် မီတာ(၄၀၀)ပြေးလမ်း(၅)ခု ရှိသော စံချိန်မီဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း ခရိုင်အဆင့် ဆေးရုံကြီးများတွင် စိတ်ကျန်းမာရေး ဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့ ပြည်သူ့အားကစားကွင်းအား ဘက်စုံပြန်လည်မွမ်းမံပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်၊ နန်တော တိုက်နယ်ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၊ မကျီးပင် တိုက်နယ်ဆေးရုံအပါအဝင် တိုက်နယ်ဆေးရုံများတွင် ဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ပေးရန် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာ၌ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်က **"နိုင်ငံသားတိုင်း ကျန်းမာရေး စောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ် ကျန်းမာရေးဝန်ထမ်းများနှင့် mobile medical team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **“စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## ဒသမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၉၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၉ ရက်၊
(၂) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊
(၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၄) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၂ ရက်၊
(၅) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊
(၆) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၂ ရက်၊
(၇) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း အစည်းအဝေးပြီးဆုံးသည်အထိ၊
(၈) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၂ ရက်၊
(၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်၊
(၁၀) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊
(၁၁) ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ခွင့် ၂ ရက်၊
(၁၂) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊
(၁၃) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၂ ရက်၊
(၁၄) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၂ ရက်၊
(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ထွန်း ခွင့် ၁ ရက်၊
(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဆွေမြင့်ဦး မဲဆန္ဒနယ်မှ ခွင့် ၁ ရက်၊
(၁၇) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊
(၁၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၂၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်၊

(၂၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၂၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်နှင့်

(၂၃) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့် အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြု ထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## ဖလမ်းမြို့ ရာပြည့်ဘောလုံးကွင်းတွင် မီတာ ၄၀၀ ပြေးလမ်းငါးခုရှိသော စံချိန်မီဘောလုံးကွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဇဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဇဲလ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့

မေးခွန်းကတော့ ချင်းပြည်နယ်၏ ခရိုင်မြို့တစ်မြို့ဖြစ်သော ဖလမ်းမြို့တွင် မီတာ ၄၀၀ ပြေးလမ်းငါးခုပါသော စံချိန်မီဘောလုံးကွင်းတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့အကြောင်းအရင်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့ဟာ ဖလမ်း၊ တီးတိန်၊ တွန်းဇံ စတဲ့ မြို့နယ်သုံးခုဖြင့် ဖွဲ့စည်းထားသောခရိုင်မြို့တစ်မြို့ဖြစ်ပါတယ်။ ဖလမ်းမြို့မှာ ရပ်ကွက်ရှစ်ခုရှိပြီး လူငယ်အားကစားလေ့ကျင့်အသုံးပြုနိုင်ရန်အတွက် ဘောလုံးကွင်းငယ်သုံးခုရှိရာ အလျား ၅၃၉ ပေ၊ အနံ ၃၄၁ ပေကျယ်သော စံချိန်မီဘောလုံးကွင်းတစ်ခုသာရှိပြီး ပေးလမ်းပါသော စံချိန်မီဘောလုံးကွင်းမရှိသေး၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့ဟာ ၁၈၉၂ ခုနှစ်တွင် စတင်တည်ထောင်သော သက်တမ်းကြာမြင့်ပြီဖြစ်သော မြို့တစ်မြို့ဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ ပထဝီအနေအထားအရ တောင်ကုန်းတောင်တန်းပေါ်များသောဒေသဖြစ်သဖြင့် ဘောလုံးကွင်းတစ်ကွင်းရရှိရန် အလွန်ခက်ခဲလျက်ရှိပါတယ်။ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် အားကစားကဏ္ဍဟာလည်း အလွန်အရေးကြီးသော အစိတ်အပိုင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဖလမ်းခရိုင်တွင် မြို့နယ်အလိုက် အားကစားပြိုင်ပွဲများ၊ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ၊ ဌာနဆိုင်ရာအလိုက်အားကစားပြိုင်ပွဲများ ကျင်းပရာတွင် ဖလမ်းမြို့ပေါ်ရှိ လက်ရှိအားကစားကွင်းများကို အသုံးပြု၍ ကျင်းပနေကြပါတယ်။ ယခုအခါ အားကစားကဏ္ဍတွင် တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ရင်ဘောင်တန်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်အောင် ဖလမ်းမြို့တွင် ပြေးလမ်းပါသော စံချိန်မီဘောလုံးကွင်းတည်ဆောက်ပေးရန် ပြည်သူများလိုလားတောင့်တလျက်ရှိပါတယ်။ သို့ဖြစ်၍ ဖလမ်းမြို့ရှိ လက်ရှိရပြီးဘောလုံးကွင်းကို မီတာ ၄၀၀ ပြေးလမ်းငါးခုပါသော စံချိန်မီဘောလုံးကွင်းအဖြစ် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ဖလမ်းခရိုင်၊ ဖလမ်းမြို့ ရာပြည့်ဘောလုံးကွင်းတွင် မီတာ ၄၀၀ ပြေးလမ်းငါးခုပါသော စံချိန်မီဘောလုံးကွင်းအဖြစ်နဲ့ ဖလမ်းမြို့ကိုပြန်ကြည့်လိုက်တဲ့အခါမှာ ဘောလုံးကွင်းနှစ်ကွင်းရှိပါတယ်။ ရာပြည့်ဘောလုံးကွင်းနဲ့ ဟရန်ထီးယိုးဘောလုံးကွင်းရှိပါတယ်။ ရာပြည့်ဘောလုံးကွင်းကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အဆင့်မြှင့်တင်ရေးလုပ်ငန်းအတွက် သိန်း ၆၀၀ ဖြင့် ဆောင်ရွက်ပေးပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သိန်း ၂၇၀ ဖြင့် ပွဲ့ကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်းကို ချင်းအလှကုမ္ပဏီအမည်နဲ့ အခု လောလောဆယ်ဆောက်လုပ်လျက်ရှိပါတယ်။

တစ်ချိန်တည်းမှာပဲ နောက် ဘောလုံးကွင်းတစ်ကွင်းဖြစ်တဲ့ ဟရန်ထီးယိုးဘောလုံးကွင်းကိုတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်စီမြေထိန်းနံရံပြုပြင်ခြင်းအတွက် သိန်း ၈၀၀ ဖြင့် ဆောင်ရွက်ပြီး ၂၀၁၇-၂၀၁၈ အခု ဘဏ္ဍာရေးနှစ်မှာ သိန်း ၅၀၀ ဖြင့် လေးခန်းတွဲဝန်ထမ်းအိမ်ရာ လုပ်ငန်းဆောက်လုပ်ခြင်း၊ ထို့ပြင် မြို့နယ်ရုံးဆောက်လုပ်ရန်အတွက် သိန်း ၃၀၀ ဘောလုံးကွင်း ပတ်လည် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် သိန်း ၅၀၀ ဖြင့် Mountain Lily ကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်တဲ့အခါမှာ ၄၀ ရာခိုင်နှုန်း ပြီးလျက်ရှိတာကို တွေ့ရပါ တယ်။ ဆိုလိုတာက ဖလမ်းမြို့မှာ ဘောလုံးကွင်းနှစ်ကွင်းရှိပါတယ်ခင်ဗျား။ အကယ်၍ အခု လွှတ်တော် ကိုယ်စားလှယ်ကြီးတောင်းရှိတဲ့ ဖလမ်းမြို့ ရာပြည့်ဘောလုံးကွင်းမှာ မီတာ ၄၀၀ ပြေးလမ်း ငါးလမ်း ပါတဲ့ စံချိန်မီဘောလုံးကွင်းဆောက်မယ်ဆိုရင်တော့ ပထမဆုံးအနေနဲ့ ဘောလုံးကွင်းပတ်လည်မှာ ပေ ၅၀၀ ကို ကျောက်စီမြေထိန်းနံရံအရင်လုပ်ရပါမယ်။ မြေပြိုမှာစိုးလို့ပါ။ ဒီအတွက်က သိန်း ၂၅၀၀ ကုန်မယ်ဖြစ်ပါတယ်။ မီတာ ၄၀၀ ပြေးလမ်းငါးခုဆောက်လုပ်၊ မြေညှိခြင်း၊ ပြေးလမ်းပြုလုပ်ရန်အတွက် သိန်းပေါင်း ၁၂၀၀ ကုန်မည်ဖြစ်ပါတယ်။ စုစုပေါင်း သန်းနဲ့ဆိုရင်တော့ ၃၇၀ (သိန်း ၃၇၀၀) ကုန်မှာ ဖြစ်တဲ့အတွက် လောလောဆယ်မှာတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးခြင်းမရှိသေးပါဘူး။ သို့သော်လည်း ဒီဘောလုံးကွင်းပြေးလမ်းကိုတော့ လောလောဆယ် ခြောက်လဘတ်ဂျက် (April to October Buget) ထဲကနေပြီးတော့ ပြင်ဆင်ပြီးတော့ လောလောဆယ်ပြေးလို့ရအောင်တော့ ကျွန်တော် လုပ်ပေးပါမယ်။ နောင်ဘဏ္ဍာရေးနှစ်များမှာကျတော့ ကျန်တဲ့တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် သူတို့ ဘောလုံးကွင်းတွေ အများကြီးတောင်းတာရှိပါတယ်။ ဒီတောင်းတဲ့အပေါ်မှာမူတည်ပြီး တော့ ဦးစားပေးအစီအစဉ်နဲ့ ပြည်ထောင်စုဘတ်ဂျက်မှာ ကျွန်တော် ထည့်ပေးပါမယ်။ အကယ်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက မဖြတ်ဘူးဆိုလို့ရှိရင်တော့ ဒီဟာ ရမှာဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တွေကလည်း မဖြတ်မှရမှာနော်။

**မြန်မာနိုင်ငံအတွင်း ခရိုင်အဆင့် ဆေးရုံကြီးများတွင် စိတ်ကျန်းမာရေးဆရာဝန်ကြီးများ တိုးချဲ့ခန့်ထား ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်း ချင်တာကတော့ မြန်မာနိုင်ငံအတွင်း ခရိုင်အဆင့်ဆေးရုံကြီးတွေမှာ စိတ်ကျန်းမာရေးဆရာဝန်ကြီးများ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရခြင်း အကြောင်းအရင်းကို ကြောင်းကျိုးဖော်ပြပါမယ်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ထုတ် The Voice သတင်းဂျာနယ်ရဲ့တွေ့ဆုံမေးမြန်းခန်းမှာ ရန်ကုန်ဆေးတက္ကသိုလ်(၁) စိတ်ကျန်းမာရေးပညာ ဌာန ပါမောက္ခဒေါက်တာတင်ဦးရဲ့ဖြေကြားချက်ထဲမှာ မြန်မာနိုင်ငံအစိုးရဆေးရုံကြီးများမှာ နိုင်ငံ့ ဝန်ထမ်းစိတ်ကျန်းမာရေးဆရာဝန်ဦးရေဟာ ၇၀ ဦးခန့်သာရှိကြောင်း၊ ကျွန်တော်တို့ရဲ့အိမ်နီးချင်း

ထိုင်းနိုင်ငံမှာ လူဦးရေသန်း ၈၀ ကျော်ရှိပြီး စိတ်ကျန်းမာရေးဆရာဝန် ၁၀၀၀ ကျော်ရှိကြောင်း။ ဒါ့ကြောင့် ထိုင်းနိုင်ငံနှင့်နှိုင်းယှဉ်လိုက်ပါက အလွန်ပင်နည်းပါးနေကြောင်းကို ဖတ်ရှုလိုက်ရပါတယ်။ ဒီအပြင် မြန်မာနိုင်ငံမှာ စိတ်ရောဂါခံစားနေရသူ အယောက် ၁၀၀ မှာ ၁၀ ဦးသာထိရောက်တဲ့ ကုသမှုကိုရရှိကြောင်း၊ ကျန်အယောက် ၉၀ ခန့်ဟာ လုံလောက်သောကုသမှုမရှိဘဲနဲ့ ရောဂါတွေပိုမိုပြင်းထန်လာကြကြောင်း ဖတ်လိုက်၊ သိလိုက်ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ထုတ် 7 Days News သတင်းဂျာနယ်မှာလည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်ကို ကိုးကားရေးသားထားပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ၁၀၀၀ မှာ ခြောက်ဦးဟာ စိတ်ကျရောဂါခံစားနေရကြောင်း ဖတ်ရှုလိုက်ရပါတယ်။ ဒီအပြင် ရွှာသာကြီးစိတ်ကျန်းမာရေးဆေးရုံကြီးမှာ ၂၀၀၂ ခုနှစ်က စိတ်ရောဂါလူနာဦးရေဟာ ၄၀၀ ခန့်သာရှိသော်လည်းပဲ ၁၄ နှစ်အကြာ ၂၀၁၆ ခုနှစ်မှာ စိတ်ရောဂါဝေဒနာရှင်ပေါင်း ၁၆၀၀ ကျော်ထိ တိုးလာတယ်လို့ ဖတ်ရှုလိုက်ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ပြန်ကြေညာချက်တစ်ခုကတော့ ကမ္ဘာပေါ်မှာကြောက်စရာအကောင်းဆုံးရောဂါတွေထဲမှာ စိတ်ကျရောဂါ(Depression)ရောဂါဟာ အဆင့်နံပါတ်(၄)နေရာတွင် ရောက်ရှိနေကြောင်း၊ ကမ္ဘာပေါ်မှာ စက္ကန့် ၄၀ မှာတစ်ဦးနှုန်း ကိုယ့်ကိုယ်ကိုအဆုံးစီရင်နေကြောင်းကိုလည်း ဖတ်ရှုလိုက်ရပါတယ်။ ဒီအပြင် လတ်တလောမနေ့ကမှထုတ်ပြန်တဲ့ ဇန်နဝါရီလ ၃၁ နေ့ကထုတ်တဲ့ The Voice Daily သတင်းစာမှာဖော်ပြပါရှိတဲ့ သတင်းတစ်ပုဒ်ကတော့ ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတစ်ခုအတွင်းမှာပဲ မိမိကိုယ်ကိုမိမိ အဆုံးစီရင်သွားတဲ့သူ ၁၇၆ ဦးရှိနေကြောင်း၊ ပျမ်းမျှအားဖြင့် တစ်လကို ၁၈ ဦးခန့်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးရဲ့ ထုတ်ပြန်ကြေညာချက်စာရင်းကို ကိုးကားရေးသားထားတာကို မှတ်သားဖွယ်တွေ့လိုက်ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စိတ်ကျရောဂါကို မျက်ခြေပြတ်မခံပါဘူး။ ဒါကြောင့် လွန်ခဲ့တဲ့နှစ် ၂၀၁၇ ခုနှစ်ကဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ဆောင်ပုဒ်က Depression Let’s stop စိတ်ကျရောဂါတိုင်ပင်ဆွေးနွေးပါဆိုပြီး နှိုးဆော်ထားပါတယ်။ စိတ်ရောဂါရှိသူ၊ စိတ်ကျရောဂါရှိသူများဟာ မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်တတ်သလို၊ လူသတ်မှုတွေ၊ ရာဇဝတ်မှုတွေစတဲ့ အမှုများကိုလည်း ကျူးလွန်တတ်ကြပါတယ်။ စိတ်ကျရောဂါကို တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် ကုသနိုင်ပါတယ်။ ဒီလိုတိုင်ပင်ဆွေးနွေးရာမှာ စိတ်ကျန်းမာရေးဆရာဝန်ကြီးများနဲ့ တိုင်ပင်ဆွေးနွေးခြင်းကသာလျှင် ထိရောက်သောကုသမှုဖြစ်နိုင်မှာပါ။ ဒီကနေ့ ကျွန်တော်တို့ရဲ့ပြည်သူတွေဟာ စိတ်ကျန်းမာရေးပညာဗဟုသုတကွာဝေးလွန်းလှပါတယ်။ နည်းပါးလွန်းလှသလို စိတ်ကျန်းမာရေးဆရာကြီးများ ရှားပါးတာကြောင့် စိတ်ကျန်းမာရေးဆရာဝန်ကြီးများနဲ့ အလှမ်းကွာဝေးလွန်းလှပါတယ်။ ရုပ်ဝေဒနာကိုကုသရတာက စိတ်ဝေဒနာကို ကုသရတာလောက် စိတ်ဝေဒနာကိုကုသရတာက ရုပ်ဝေဒနာကိုကုသရတာလောက် ခက်ပါတယ်။ စိတ်ကျရောဂါဟာ အလွှာစုံ၊ အသက်အရွယ်မျိုးစုံမှာဖြစ်နေပါတယ်။ ဟိုတလောက ပဲခူးတိုင်းအတွင်းက မြို့ငယ်လေးတစ်မြို့မှာ ငါးတန်းကျောင်းသားလေးတစ်ယောက် ကိုယ့်ကိုယ်ကိုဆွဲကြိုးချသေသွားတာက အစ ကိုရီးယားမင်းသား K Pop အဆိုတော်ဂျောင်ဟွန်း မိမိကိုယ်ကိုမိမိအဆုံးစီရင်သွားခြင်းဟာ နမူနာ

ပါပဲ။ မြန်မာနိုင်ငံမှာ စိတ်ရောဂါခံစားနေတဲ့ဝေဒနာရှင်များကို ကူညီဖေးမပေးမယ့် လူမှုအဖွဲ့အစည်း ကလည်း အလွန်တရာနည်းပါးလှပါတယ်။ ပညာရေး၊ နာရေး၊ ကျန်းမာရေးကူညီတဲ့လူမှုအဖွဲ့အစည်း က များပြားလွန်းလှပါတယ်။ ဒီအပြင် အခြားအခြားသော အထူးကုရောဂါဆရာဝန်ကြီးများ ပေါများ သော်လည်းပဲ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကတော့ အလွန်တရာရှားပါးပြီးတော့ နည်းပါးလွန်း လှပါတယ်။ ဒါကြောင့် ခရိုင်အဆင့်ဆေးရုံကြီးတွေမှာ စိတ်ကျန်းမာရေးဆရာဝန်ကြီးများ တိုးချဲ့ခန့်ထား ရန်အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတာ ကိုရီးယား K Pop အဆိုတော် ကိုယ့်ကိုယ်ကိုအဆုံးစီရင်တာ မပါရင် ဒီမေးခွန်းမရနိုင်ဘူးလား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၏ မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းက နည်းနည်းအရေးကြီးတဲ့အတွက် ငါးမိနစ်တော့ကျော်ပါမယ်။ ကျန်တဲ့မေးခွန်းတွေကတော့ မကျော်ပါဘူးခင်ဗျား။ ဒီနေ့က မြန်မြန်ပြီးစေ ချင်တယ်လို့ ဥက္ကဋ္ဌကြီးက ကျွန်တော့်ကိုပြောထားပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီစိတ်ရော ဆရာဝန်များကို ခန့်တဲ့ဟာ နှစ်ခုရှိပါတယ်။ ကုသရေးဦးစီးဌာနအောက်မှာရှိတဲ့ ဆေးရုံတွေက ခန့်ပါမယ်။ Human Resource For Health (လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)အောက်မှာရှိတဲ့ သင်ကြားရေးဆေးရုံတွေက ခန့်ပါတယ်။ ဒီစိတ်ရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာတော်တော်များလာ တယ်။ များလာတယ်ဆိုတာ ရှာဖွေလို့တွေ့တာလည်းဖြစ်နိုင်တယ်။ နဂိုကတည်းက များတာလည်း ဖြစ်နိုင်တယ်။ ဥပမာအားဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ ရန်ကုန်မြို့အနီးတဝိုက်မှာရှိတဲ့ မြို့နယ် တစ်ခုမှာ လေ့လာတဲ့အခါမှာ စိတ်ဓာတ်ကျရောဂါဟာ လူ ၁၀၀၀ မှာ ၉ ယောက်ဖြစ်တယ်တွေ့ရပါ တယ်။ အတက်ရောဂါ ၁၀၀၀ မှာ ၈ ယောက်ဖြစ်ပြီးတော့ စိတ်ဖောက်ပြန်တာ ၁၀၀၀ ဦးမှာ ကိုးယောက် ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ Treatment Test ပေါ့လေ။ အားလုံးက ကုသ မှုကိုမရနိုင်ပါဘူး။ စိတ်ရောဂါဆရာဝန်များက အနည်းငယ်နည်းတဲ့အတွက်ဖြစ်ပါတယ်။ အလားတူစွာ ပဲ ၂၀၀၄ ခုနှစ်မှာလည်း ရန်ကုန်နှင့်အနီးတဝိုက်မှာရှိတဲ့ မြို့နယ်နှစ်ခုမှာကြည့်တဲ့အခါမှာ စိတ်ရောဂါ မျိုးစုံက လူ ၁၀၀၀ ဦးမှာ ၈၆ ယောက်ရှိတာတွေ့ရတယ်။ ရူးသွပ်တာက ၁၀၀၀ ဦးမှာ ခြောက်ယောက် ရှိတာ တွေ့ရပါတယ်။ စိုးရိမ်စိတ်(Anxiety)က ၁၀၀၀ ဦးမှာ ၄၁ ဦးရှိတယ်။ စိတ်ဓာတ်ကျတဲ့ Depression က ၁၀၀၀ ဦးမှာ ခြောက်ယောက်ရှိပါတယ်။ အတက်က ၁၀၀၀ ဦးမှာ လေးယောက်နဲ့ မှတ်ဉာဏ်မေ့ရောဂါက ၁၀၀၀ ဦးမှာ နှစ်ယောက်တွေ့ပါတယ်။ ဒီနေရာမှာလည်း Treatment Gap တွေအများကြီးရှိပါတယ်။ ဒီလူတွေဟာ လိုအပ်တဲ့ကုသမှုကို မရနိုင်ပါဘူး။ ဒီလိုမြို့နယ်နှစ်ခုကို နာမည်

မဖော်ပြတာကတော့ သုတေသနကျင့်ဝတ်အရ ဒီမြို့နယ်နာမည်တွေကိုဖော်ပြလိုက်ရင် ဒီမြို့နယ်မှာ ရှူးတဲ့သူတွေများတယ်ဆိုတာ ဖြစ်မှာစိုးလို့ ကျွန်တော်မပြောပါဘူး။ ဒါပေမဲ့ ကျွန်တော် တစ်ခုတင်ပြချင်တာက ဒီစိတ်ရောဂါက မြန်မာပြည်က သိပ်ပြီးတော့အရေးမထားပါဘူး။ အမေရိကန်က အရမ်းအရေးထားတယ်။ ယိုးဒယားမှာ ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် Director General ရှိတဲ့ Department of Mental Health တောင်ရှိပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ Department of Mental Health ရှိပါတယ်။ အဲဒီလောက်ထိ ထိုင်းနိုင်ငံဟာလုပ်ထားတာရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိတ်ရောဂါဆရာဝန်များကို တာဝန်ချတဲ့ဆေးရုံပေါင်း ၅၁ ရုံရှိပါတယ်။ စိတ်ရောဂါအထူးကုဆေးရုံကြီး နှစ်ရုံ၊ ဗဟိုအဆင့်သင်ကြား ရေးဆေးရုံကြီးကိုးရုံ၊ ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးကိုးရုံ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီး ၂၉ ရုံနဲ့ မူးယစ်စွဲ အထူးကုဆေးရုံနှစ်ရုံမှာ စုစုပေါင်း ၅၁ ရုံမှာ ၅၉ ယောက်တာဝန်ချထားပြီး လုပ်ကိုင်နေပါတယ်။ ကုသရေးဦးစီးဌာနအောက်မှာရှိတဲ့ စိတ်ရောဂါအထူးကုအင်အားနဲ့ဆိုရင် ပါမောက္ခ အထူးကုဆရာဝန်ကြီး၊ အထူးကုဆရာဝန်၊ လက်ထောက်အထူးကုဆရာဝန်ပေါင်း အားလုံး အမှန်ကတော့ ၁၃၃ ဦးခွင့်ပြုထားသော်လည်း ၅၉ ဦးပဲ ခန့်ထားနိုင်တဲ့အတွက် ခန့်ထားနိုင်နှုန်းက ၄၀ ရာခိုင်နှုန်းပဲရှိပါတယ်။ သို့သော် ဒီမှာပိုဆိုးတာက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်မှာရှိတဲ့ ဆေးတက္ကသိုလ်များမှာ စိတ်ပညာဘာသာရပ်ကို ဆေးတက္ကသိုလ်ငါးခုမှာ ဖွင့်ထားတယ်။ ဖွင့်ထားတဲ့ထဲမှာ ပါမောက္ခဌာနမှူး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိကအားလုံး ၁၁၇ ဦးခန့်အပ်ရမယ့်နေရာမှာ ၂၃ ဦးပဲ ခန့်ထားနိုင်တယ်ဆိုတော့ ဆိုလိုတာက လစ်လပ်တာ ၉၅ ဦးဖြစ်တဲ့အတွက် ၂၀ ရာခိုင်နှုန်းပဲ ခန့်ထားနိုင်တာဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အတိုင်း ခရိုင်ဆေးရုံမှာတော့ ခုတင် (၁၀၀)၊ (၅၀)၊ (၂၅)မှာ ဖွဲ့စည်းပုံမပါသေးပါဘူး။ ဖွဲ့စည်းပုံပါသော်ငြားလည်း ကျွန်တော်တို့မှာ စိတ်ရောဂါကု ဆရာဝန်ကမရှိတဲ့အတွက် ထားခြင်းမဖြစ်ပါဘူး။ ခုနကပြောတဲ့ ၅၉ ရုံမှာတော့ ထားပါတယ်။ အဲဒီတော့ နောင်နှစ်များမှာတော့ တဖြည်းဖြည်းဖွဲ့စည်းပုံတိုးချဲ့မယ်။ တစ်ချိန်တည်း မှာလည်း ပိုထုတ်ပါမယ်။ အခုလောလောဆယ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ အောင်သွားတဲ့ စိတ်အထူးကုဆရာဝန် ၂၄ ဦးရှိပါတယ်။ MSc အောင်သွားပြီးရင် ဆေးရုံကြီးမှာ တစ်နှစ် Test လုပ်ပါတယ်။ သူတို့ကို ဒီရက်ပိုင်းပေါ့ သို့မဟုတ် ဒီအပတ် သို့မဟုတ် နောက်အပတ်ဦးပိုင်းမှာ တာဝန်ချဖို့လုပ်နေပါတယ်။ ဒီ ၂၄ ဦးကိုတာဝန်ထည့်ပေးလိုက်ရင် ထွက်လာတဲ့ဆရာဝန်တွေကို တစ်နှစ်ဆိုရင် MSc လည်းရပြီးပြီ။ တစ်နှစ် Training ပြီးတဲ့သူတွေ အကုန်ပြန်ထုတ်မယ်။ ပြန်ထုတ်ပြီးတော့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ခရိုင်အထက်ပေါ့လေ။ ခုတင်(၂၀၀)၊ (၁၀၀) အဲဒီမှာအကုန်ထားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ထုတ်နေပါတယ်။ အခုလောလောဆယ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ အထူးကု ဆရာဝန်(စိတ်) ၃၀ ဦးထွက်ပါမယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ အထူးကုဆရာဝန် ၃၀ ဦး ထွက်ပါမယ်။ နောက် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှာ အထူးကုဆရာဝန် ၂၉ ဦး ထွက်မှာပါ။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ လူအင်အားနည်းပါးနေတဲ့အထူးကုဘာသာရပ်များဖြစ်တဲ့ စိတ်ရောဂါအပါအဝင် ဒီအထူးကုဘာသာရပ်တွေမှာ နောက်နှစ်တွေမှာ ပိုတိုးပြီးတော့ Post Graduate ပေါ့။ ဘွဲ့လွန်သင်တန်းတွေပိုခေါ်ဖို့ရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့စဉ်းစားဖို့က

သင်ကြားနိုင်တဲ့ ဆရာဦးရေနဲ့ သင်ကြားမယ့်နေရာတွေ ဘာတွေကိုလည်း ကျွန်တော်တို့က ကြည့်ရပါတယ်။ သို့သော်လည်း ကျွန်တော် ဒီနေရာမှာ တစ်ချက်ပြောချင်တာကတော့ လာမယ့် သုံးနှစ်ကနေ ခုနစ်နှစ်အတွင်းမှာတော့ တော်တော်လေးအခြေအနေကောင်းမှာပါ။ စိတ်ရောဂါအပြင် အခြားအထူးကုတွေလည်း တော်တော်များများထွက်လာပါပြီ။ ကျွန်တော်တို့ ဒီနှစ်မှာလည်း အများကြီးခေါ်ပါတယ်။ မနှစ်က ကျွန်တော်တို့တာဝန်ယူတဲ့နှစ်မှာလည်း မကြာခင်မှာတော့ တော်တော်များများထွက်လာမယ်လို့ရှိပါတယ်။ အဲဒီတော့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာလည်း မကြာခင်သုံးနှစ်ကနေ ခုနစ်နှစ်အတွင်းတော့ စောင့်ဖို့လိုပါမယ်။ အားလုံးပြည့်စုံမယ်လို့ ကျွန်တော်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနက လွှတ်တော်ကိုယ်စားလှယ်တွေကို အသုတ်လိုက်၊ အသုတ်လိုက် စိစစ်ဖို့စီစဉ်နေတာ ကျွန်တော်တို့လွှတ်တော်အနေနဲ့ အလေးအနက်အသိအမှတ်ပြုပါတယ်။ အဲဒီစိစစ်တဲ့အခါမှာရော၊ စိတ်ကျန်းမာရေးစိစစ်တဲ့ အချက်အလက်ရောပါရဲ့လား အဲဒါလည်း သိချင်ပါတယ်။

**တန့်ယန်းမြို့ ပြည်သူ့အားကစားကွင်းအား ဘက်စုံပြန်လည်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့်လေ့လာသူများအားလုံး ကိုယ်စိတ်နှလုံးကြည်သာ ချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ တန့်ယန်းမြို့နယ် အားကစားကွင်းကိစ္စ မေးမြန်းမယ့် တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ၁၉၈၄ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့တဲ့ တန့်ယန်းမြို့နယ်ရဲ့ တစ်ခုတည်းသော အားကစားကွင်းပျက်စီးယိုယွင်းနေမှုအခြေအနေကို ပုံမှာမြင်တွေ့ရပါမယ်ခင်ဗျား။ အုတ်ခြံစည်းရိုးများမြင်မကောင်းအောင်ပျက်စီးနေပါတယ်ခင်ဗျား။ ပွဲကြည့်စင်မှာလည်း အန္တရာယ်ရှိသည့်အခြေအနေရှိပြီး ဆွေးမြည့်ပျက်စီးနေပါတယ်ခင်ဗျား။ ဘောလုံးကွင်းမြက်ခင်းပြင်မှာလည်း ကစားလို့မကောင်းအောင် ပျက်စီးနေပါတယ်ခင်ဗျ။ ၎င်းအားကစားကွင်းကို လူငယ်များနေ့စဉ်အသုံးပြုလျက်ရှိပြီး အခါအားလျော်စွာကျင်းပသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲလို၊ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများအတွက်လည်း အားထားအသုံးပြုရတဲ့ ကွင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ရှမ်းပြည်(မြောက်ပိုင်း)၊ တန့်ယန်းမြို့ တစ်ခုတည်းသော ပြည်သူ့အားကစားကွင်း ဘက်စုံအဆင့်မြှင့်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိသေးပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုပြင်တည်ဆောက်ရန် စီစဉ်လျာထားသည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်၏မေးခွန်းဖြစ်သော ပြည်သူ့အားကစားကွင်းအား ဘက်စုံပြန်လည်မွမ်းမံပေးရန် ကိစ္စနဲ့ပတ်သက်ပြီး ဖြေကြားပါမယ်။ တန့်ယန်းမြို့ ပြည်သူ့အားကစားကွင်း ဘက်စုံပြုပြင်မယ်ဆိုလို့ ရှိရင်တော့ သာမန်အားဖြင့်တော့ သိန်း ၂၀၊ ပွဲကြည့်စင်အတွက်ကတော့ ပေ ၁၀၀၊ ၃၀ ပတ်လည် အတွက် သိန်း ၁၅၀၀၊ Inner Fencing အတွက်ကတော့ သိန်း ၂၅၀၊ အုတ်တံတိုင်းအတွက်ကတော့ သိန်း ၄၀၀၊ ရုံးနှင့်နေအိမ်ဆောက်လုပ်ဖို့ ၃၇၅ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၂၅၄၀ လောက်ကုန်မယ်။ ဒီကုန်မယ့်ပိုက်ဆံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုဘဏ္ဍာငွေစာရင်းမှာ ထည့်သွင်းလျာထားတင်ပြဆောင်ရွက်သွားမှာ အကယ်၍ အဲမှာထည့်လို့ မရဘူးဆိုရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုဘတ်ဂျက်မှာပဲ ထည့်ပေးပါမယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ။ ဘာလို့လဲဆိုတော့ ပြည်နယ်လည်းဖြစ်နေတယ်။ တကယ့်ဝေးလံခက်ခဲတယ်ဆိုတော့ ဦးစားပေးပြီးတော့ လုပ်ပါတယ်။ အားကစားသမားတွေပေါ်ထွက်လာအောင်။ လောလောဆယ် ပွဲကြည့်စင်အန္တရာယ်ရှိနေတယ်ဆိုတဲ့ကိစ္စကိုတော့ ကျွန်တော်တို့ လောလောဆယ်ဘတ်ဂျက်ရယ်၊ နောက်ထပ် ခြောက်လဘတ်ဂျက်အတွင်းမှာ ကျွန်တော်တို့ ပိုက်ဆံရှိပါတယ်။ ဒါကနေပြီးတော့ လောလောဆယ် ကစားလို့ရအောင် ကျွန်တော်တို့စီစဉ်ပေးပါမယ်။ ဒီဟာကို ချက်ချင်းလုပ်ပေးပါမယ်။ ကျွန်တော် နောက်တင်ပြချင်တာကတော့ ပြည်ထောင်စုဘတ်ဂျက်မှာ ကျွန်တော်တို့ ထည့်တဲ့အခါမှာ လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ မဖြတ်တောက်ရန်လေးစားစွာလည်း မေတ္တာရပ်ခံပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဟုမ္မလင်းမြို့နယ်၊ နန်တောတိုက်နယ်ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်၊ နန်တောကျေးရွာရှိ နန်တောတိုက်နယ် ဆေးရုံကို စံကိုက်ဆေးရုံအဆောက်အအုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နန်တောကျေးရွာရှိ နန်တောတိုက်နယ်ဆေးရုံ အား ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ဆေးရုံကနေ ၃၈ မိုင်ကျော်ကွာဝေးပြီးတော့မှ မိုးအခါဆိုရင် ဥရု ရေကြောင်းကိုသာ အသုံးပြုသွားလာနေရပါတယ်။ ဟုမ္မလင်းမြို့နယ်ထဲမှာ လူဦးရေသိပ်သည်းမှုအများ

ဆုံးနဲ့ ဖွံ့ဖြိုးတိုးတက်ဆုံးဒေသလည်းဖြစ်ပါတယ်။ နန်တောတိုက်နယ်ဆေးရုံရဲ့အကျိုးပြုဧရိယာဟာ ၂၆၅၀ စတုရန်းမိုင်ကျယ်ဝန်းပြီး ကျေးရွာပေါင်း ၆၄ ရွာ၊ အိမ်ခြေပေါင်း ၇၀၂၄ အိမ်၊ စာရင်းရှိလူဦးရေ ၄၂၇၁၉ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ ၎င်းအကျိုးပြုဧရိယာထဲမှာ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းလုပ်ကွက်တွေရှိနေတဲ့အတွက် ရွှေမျှောလုပ်သားများဟာ ရွှေ့ပြောင်းလုပ်သားများအဖြစ် လာရောက်နေထိုင်ကြတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်ပေးနေရတဲ့ လူဦးရေတွေဟာ ၅၀၀၀၀ ရဲ့အထက်မှာရှိနေနိုင်ပါတယ်။ နန်တောအုပ်စုတစ်ခုထဲမှာပင် စာရင်းရှိလူဦးရေ ၁၁၈၀၀ ရှိပါတယ်။ ၆-၄-၂၀၁၅ ရက်နေ့တုန်းက ဟုမ္မလင်းမြို့ အား/ကာခန်းမမှာပြုလုပ်တဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဟုမ္မလင်းပြည်သူလူထုတွေ့ဆုံပွဲမှာ နန်တောတိုက်နယ်ဆေးရုံအား ၁၆ ခုတင်ဆံ့မှ ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် တင်ပြထားခဲ့ကြပြီး ဆေးရုံသစ်တည်ဆောက်နိုင်ရန်အတွက် မြေလွတ်မြေရိုင်း ၁၁.၆၂ ဧကအသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးလည်းဖြစ်ပါတယ်။ ၂၅ ခုတင်ဆံ့အဖြစ် တိုးပေးသင့်ပါကြောင်းကိုလည်း ထောက်ခံအကြံပြုအပ်ပါတယ်။ ယခုအသုံးပြုနေတဲ့ နန်တောတိုက်နယ်ဆေးရုံအဆောက်အအုံဟာ နန်တောစံပြကျေးရွာနေ ဒေါ်အုန်းချယ် မိသားစုမှ သား စိုင်းဖေတင်အားရည်စူးပြီး မြေဧရိယာအလျား ၃၀၀/၂၉၀ ပေx အနံ ၁၇၄/၁၀၀ ပေအကျယ်ပေါ်မှာ ဆောက်လုပ်ခဲ့ပြီး ၂၁-၂-၁၉၉၂ ရက်နေ့မှာ နိုင်ငံတော်အစိုးရကို လှူဒါန်းလွှဲပြောင်းအပ်နှံခဲ့တာဖြစ်ပါတယ်။ ဒေါ်အုန်းချယ်နဲ့သား စိုင်းဖေတင်မိသားစုအား ဒီနေရာကနေ ကျေးဇူးတင်ပါကြောင်း ပြောလိုပါတယ်။ ပုဂ္ဂလိကဆောက်လုပ်လှူဒါန်းထားတဲ့ ဆေးရုံဖြစ်တဲ့အတွက်ကြောင့် ယခုခေတ်စံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိတော့သလို ဆေးရုံရဲ့သက်တမ်းကလည်း ၂၅ နှစ်ကျော်လာပြီဖြစ်တဲ့အတွက် အမိုးစလစ်ပျဉ်များဟာ ဆွေးမြည့်ပျက်စီးလာပြီး အင်္ဂတေများပေါက်ကွဲကွာကျလျက်ရှိတဲ့အတွက် ဆေးရုံတက်ရောက်ကုသနေကြတဲ့လူနာများအတွက် အန္တရာယ်ရှိနေပါတယ်။ ဟုမ္မလင်းဒေသဟာ ငလျင်စိုးရိမ်ရသော ပျက်ရွှေ့ဇုန်အတွင်းမှာတည်ရှိနေတာအတွက်လည်း အဆောက်အဦဟာ များစွာအန္တရာယ်ရှိပါတယ်။ ဥရုချောင်းရေကြီးလျှင် ဆေးရုံအဆောက်အအုံအတွင်း ရေများဝင်ရောက်လာတဲ့အတွက် လူနာတွေကို ရေလွတ်တဲ့နေရာကို ရွှေ့ပြောင်းကုသနေရပါတယ်။ ဆရာဝန်တစ်ဦးထဲသာရှိတဲ့အတွက် မနိုင်ဝန်ထမ်းနေရတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဆရာဝန်တစ်ဦးတိုး၍ ခန့်ထားပေးရန်လည်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါနန်တောစံပြကျေးရွာကြီးပါ။ ဒါစိုင်းဖေတင်ဆေးရုံပါ။ ၁၉၉၂ ခုနှစ်ကတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒါဆေးရုံတက်ရောက်နေတဲ့လူနာတွေပါ။ ဒါ အမိုးစလစ်ပြားတွေကွာကျနေပါတယ်။ ဟိုနေရာဖာ ဒီနေရာကွာနဲ့ရွာလူထုလည်း မတတ်နိုင်ဖြစ်နေပါတယ်။ ဒါကတော့ နန်တောတိုက်နယ်ဆေးရုံမှာ ဆောင်ရွက်မှုမှတ်တမ်းဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိပါ။ ဒါကြောင့် နန်တောတိုက်နယ်ဆေးရုံကို စံကိုက်တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၏ မေးခွန်းဖြစ်သော နန်တောတိုက်နယ်ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဖြစ်ကိစ္စနှင့်ပတ်သက်၍ တင်ပြပါမယ်။ နန်တောတိုက်နယ်ဆေးရုံမှာတော့ ပင်မလူနာဆောင် တစ်ခု၊ ဝန်ထမ်းအိမ်ရာနှစ်ခု၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ဆောင်တစ်ခု၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းဆောင် တစ်ခု၊ ရင်ခွဲရုံတို့က ဧက ၂၀ဝ ပေါ်မှာ ကျပ်တည်းစွာ တည်ဆောက်ထားတာတွေ့ရတယ်။ ဒါကလည်း အရင်လှူတဲ့အလှူရှင် ပေးတဲ့မြေပေါ်မှာ ဆောက်ခြင်းဖြစ်ပါတယ်။ အကယ်၍ စံကိုက်ဆောက်မယ်ဆိုရင်တော့ ကျွန်တော်တို့ လေးဧကကနေ ငါးဧကအတွင်းလိုပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့မလုပ်ပေးနိုင်တာ မြေမရှိလို့ မလုပ်ပေးနိုင်ခြင်းဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်ထဲကစတင်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဒီဟာကို ဆေးရုံအသစ်ဆောက်ဖို့အတွက်ကို မြေတောင်းပါတယ်။ အခုထိမြေကမရသေးပါဘူး။ မြေရလို့ရှိရင်တော့ ဦးစားပေးပြီးတော့ ဆောက်ဖို့လုပ်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အချက်တွေကလည်း အားလုံးမှန်ပါတယ်။ သဘောလည်း တူပါတယ်။ အမြန်ဆုံးဆောက်လုပ်သင့်တဲ့အပြင် ၁၆ ခုတင်ကနေ ၂၅ ခုတင်ကို တိုးသင့်ရင်တော့ တိုးရပါမယ်။ သို့သော်လည်း ကျွန်တော်တစ်ခုတင်ပြချင်တာက ဒီဆေးရုံပျက်စီးနေတဲ့ဥစ္စာတွေက ကျွန်တော်တို့မှာ ပိုက်ဆံလုံးဝရှိပါတယ်။ ချက်ချင်းပြင်လို့ရတယ်။ ပြဿနာက ဒီမှာရှိတဲ့တိုက်နယ် ဆရာဝန်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးက ဦးစီးမှူးပေါ့။ သူတို့ကတင်လို့ရှိရင် ချက်ချင်းပေးလို့ရပါတယ်။ အခုလည်း ဒီလိုပေးနေပါတယ်။ ပြင်ဆင်စရိတ်က ကျွန်တော်တို့မှာ အများကြီးရှိပါတယ်။ အသေးစား ပြင်ဆင်စရိတ်၊ အကြီးစားပြင်ဆင်စရိတ် အကုန်လုံးလိုက်ပြင်နေပါတယ်။ မတောင်းတော့ ကျွန်တော်တို့က မသိပါဘူး။ အဲဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးပြန်လို့ရှိရင် တိုက်နယ်ဆရာဝန်ကိုတော့ပြောပါ။ အမြန်တင်ပါ။ ကျွန်တော်တို့ အားလုံးလုပ်ပေးပါမယ်။ နောက်တစ်ချက်က လောလောစပ်ကြားမှာတော့ ဟုမ္မလင်းမှာရှိတဲ့ ဆေးပစ္စည်းနဲ့ဓာတ်ခွဲပစ္စည်း၊ ဓာတ်မှန်တွေ လိုအပ်ချက်ရှိလို့ရှိရင်တော့ ကျွန်တော်တို့ အမြန်ဆုံးဖြည့်ဆည်းပေးပါမယ်။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း Attachment Area တော်တော်ကြီးပါတယ်။ ဆရာဝန်ကလည်းတစ်ဦးဆိုတာတော့ ဒီတိုက်နယ်ဆေးရုံရဲ့ ဖွဲ့စည်းပုံကတော့ ဆရာဝန်တစ်ဦးပါပဲ။ အကယ်၍သာ ဒီတိုက်နယ်ဆေးရုံက အရမ်းများနေတယ် အသစ်လည်းမဆောက်နိုင်ဘူးဆိုရင် ကြားကာလမှာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းရုံး၊ မုံရွာတို့ဘက်ကနေ ပြီးတော့ သုံးလတစ်ကြိမ် Rotation ဆရာသုံးဦးက Additional ပေါ့လေ။ နောက်တစ်ယောက်ကိုလွှတ်ပေးပါ့မယ်။ သုံးလတစ်ကြိမ်၊ သို့မဟုတ် လေးလတစ်ကြိမ် အဲလိုလွှတ်ပေးပါ့မယ်။ အဲဒါဆိုလို့ရှိရင် ကုသမှုမှာ လောလောဆယ်ရှိတဲ့ တိုက်နယ်ဆရာဝန်အများကြီး အထောက်အကူဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ငပုတောမြို့နယ်၊ မကျီးပင်တိုက်နယ်ဆေးရုံအပါအဝင် တိုက်နယ်ဆေးရုံများတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ငပုတောမြို့နယ်၊ မန်ကျည်းပင် တိုက်နယ်ဆေးရုံအပါအဝင် တိုက်နယ်ဆေးရုံများမှာ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် မည်သို့ စီမံဆောင်ရွက်ထားတာကို သိရှိလိုခြင်းနှင့်ပတ်သက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ပြောင်းလဲလာတဲ့မူဝါဒတွေနဲ့အညီ ယခု အခါမှာတော့ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများကအစ စံကိုက် အဆောက်အဦတွေနဲ့ စနစ်တကျတည်ဆောက်လာတဲ့အချိန်မှာ ဟိုးယခင် ကိုယ်ထူကိုယ်ထ ရပ်ရွာ လူထုအားနဲ့ ဆောက်လုပ်ခဲ့ရတဲ့ တိုက်နယ်ဆေးရုံများ အများစုကတော့ အဆောက်အဦပိုင်းမှာရော မပြည့်စုံမှုတွေ၊ စနစ်မကျမှုတွေ၊ စံနှုန်းမကိုက်ညီမှုတွေနဲ့ လိုအပ်ချက်တွေများပြားလာတာကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းများဟာ တာဝန်ထမ်းလိုသူများဖြစ်တဲ့အတွက် ဝေးတယ်လို့လည်းမငြင်းပါဘူး။ အတော်ကြာတယ်။ သွားရလာရတာခက်တယ်။ ခေတ်နောက်ကျတယ်လို့လည်း မပြစ်ပယ်ဘဲနဲ့ အနေအထိုင်အစားအသောက်မှအစ လမ်းပန်းဆက်သွယ်ရေးဘယ်လောက်ပဲခက်ခက် တာဝန်ကို ရှေ့တန်းတင်ပြီးတော့ တာဝန်ထမ်းဆောင်ဖို့အတွက် သက်ဆိုင်ရာဆေးရုံများကို ရောက်ရှိလာကြပါ တယ်။ အဲဒီအခါမှာတော့ ပြဿနာကစပါတယ်။ ဆရာဝန်တစ်ဦး ကျန်းမာရေးဌာနကဝန်ထမ်းတစ်ဦး နေဖို့အတွက် နေရာထိုင်ခင်း၊ အိမ် စတာတွေက ကျေးလက်ဒေသတွေမှာ အိမ်အပိုတွေမရှိပါဘူး။ အဆောက်အဦတွေလည်း အပိုအလျှံမရှိကြတဲ့အခါ ကျေးရွာပြည်သူလူထုရဲ့ အိမ်တွေမှာပဲ အပေါ်ထပ် မှာတို့၊ အဆောင်လေးဘေးမှာတို့ အဲဒီလို ကျဉ်းကျဉ်းကျပ်ကျပ် ဒုက္ခ သုက္ခခံပြီး နေကြရပါတယ်။ အဲဒီ အခါမျိုးမှာ ငပုတောမြို့နယ်ဟာ မြစ်ချောင်းများနှင့် တည်ဆောက်ထားတဲ့မြို့နယ်ဖြစ်တဲ့အတွက် ဆေးရုံကိုလာတဲ့အခါမှာ လူနာတွေအနေနဲ့ ဆေးရုံကို မလွဲသာမတတ်သာတဲ့အဆုံးကျမှ လာရတဲ့အနေ အထားတွေရှိပါတယ်။ အဲဒီအချိန်မှာလည်း လှေငယ်တက်ဆင်းတွေ၊ လှေသမ္ဗာန်တွေ၊ စက်လှေတွေနဲ့ လာရတယ်။ ရေဆင်းချိန်၊ ရေပြည့်ချိန်မရှောင်ဘဲနဲ့လာရတဲ့အခါမှာ အချိန်တွေနောက်ကျတတ်ပါတယ်။ အဲဒီအချိန်မျိုးမှာ ဆေးရုံကတခြား၊ လူနာရောက်တဲ့အချိန်ကလည်းနောက်ကျ၊ နောက်တစ်ခါ ဆရာဝန်နဲ့ ဆရာမတွေကလည်း ဟိုမှာတစ်အိမ် ဒီမှာတစ်နေရာမှာဆိုတော့ သွားလာပြီးတော့ တစ်နေရာတည်းမှာ စုဆောင်းဖို့၊ စုစုစည်းစည်းနဲ့ အမြန်ဆုံးကုသဖို့အတွက် အချိန်တွေမမီ ဖြစ်တတ်ပါတယ်။ အဲဒီအခါမှာ လည်း သွေးလွန်တဲ့လူနာများ၊ ဖွားလူနာများဆိုလို့ရှိရင် အသက်ဘေးအန္တရာယ်တွေနဲ့ ကြုံဆုံရတဲ့ အနေအထားတွေရှိလာပါတယ်။ ဒါကြောင့်မို့လို့ ဆေးရုံနဲ့ဝန်ထမ်းအိမ်ရာများဟာ တစ်ဆက်တစ်စပ် တည်းရှိရင် ပိုပြီးတော့ကောင်းနိုင်ပါတယ်။ ဟိုးယခင်က တည်ဆောက်ခဲ့တဲ့ ကိုယ်ထူကိုယ်ထ တိုက်နယ် ဆေးရုံများမှာ ဝန်ထမ်းအိမ်ရာများဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိကို သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်ရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ ငပုတောမြို့နယ်မှာရှိတဲ့ တိုက်နယ်ဆေးရုံများကို ခြုံငုံပြီး မေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ မြို့နယ်ပေါင်း ၂၆ မြို့နယ်ရှိပြီး ဆေးရုံပေါင်း ၉၉ ရုံရှိပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာဆောက်တဲ့အခါမှာ ဒီဆေးရုံအကုန်လုံးကိုကြည့်ပါတယ်။ ငပုတောမြို့နယ်တစ်ခုတည်းကိုတော့ ကြည့်လို့မရပါဘူး။ ကျန်တဲ့မြို့နယ်ကိုလည်း ကျွန်တော်တို့က ကြည့်ရပါတယ်။ အဲဒီတော့ ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကို ကျွန်တော်တို့ကြည့်တဲ့အခါမှာ ဧရာဝတီတိုင်းတစ်တိုင်းလုံးမှာ ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၁၄၃၃ ခန်း လိုအပ်လျက်ရှိပါတယ်။ ဒီ ငပုတောမြို့နယ်မှာ ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ ခုတင် ၅၀ ဆံ့ဆေးရုံတစ်ရုံရှိတယ်။ တိုက်နယ်ဆေးရုံကိုးရုံရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီတိုက်နယ်ဆေးရုံအပြင် မိခင်နှင့်ကလေးကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၇ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၈၈ ခုရှိပြီး လူဦးရေ ၃ သိန်းကျော်ကို ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဒီ ငပုတောမြို့နယ် တိုက်နယ်ဆေးရုံကိုးရုံမှာ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ ကွင်းဘတ်တိုက်နယ်ဆေးရုံအတွက်ကတော့ ကျွန်တော်တို့က နှစ်ခန်းတွဲ ဆရာဝန်အိမ်ရာတစ်လုံး၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံး၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးတို့ကို ၂၀၁၅-၂၀၁၆ ခုနှစ်ကပဲ ကျွန်တော်တို့ဆောက်ပေးလိုက်ပါတယ်။ ဂျမ်းကပ်တိုက်နယ်ဆေးရုံအတွက်ကတော့ နှစ်ခန်းတွဲ ဆရာဝန်အိမ်ရာတစ်လုံး၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံး၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးကို ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ အခုဆောက်လုပ်နေပါတယ်။ မကြာခင်ပြီးစီးမှာပါ။ နောက်ဆေးရုံတစ်ရုံဖြစ်တဲ့ ကျောက်ကလပ်တိုက်နယ်ဆေးရုံအတွက် လိုအပ်လျက်ရှိတဲ့ နှစ်ခန်းတွဲ ဆရာဝန်အိမ်ရာတစ်လုံး၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံးတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အဆောက်အဦဌာနကို တာဝန်ပေးပြီးတော့ ဆောက်လုပ်လျက်ရှိပါတယ်။ အဲဒီတော့ ကျန်ရှိတဲ့ ဒီ မန်ကျည်းပင်တိုက်နယ်ဆေးရုံအပါအဝင် ကျန်ငပုတောဆေးရုံအတွင်းမှာရှိတဲ့ တိုက်နယ်ဆေးရုံများရဲ့ ဝန်ထမ်းလိုအပ်ချက်ကိုလည်း ကျွန်တော်တို့မှာ စာရင်းနဲ့အတိအကျရှိပါတယ်။ မန်ကျည်းပင်မှာဆိုရင် နှစ်ခန်းတွဲ၊ လေးခန်းတွဲကတစ်လုံး၊ နှစ်လုံး အကုန်အသေးစိတ် ကျွန်တော်တို့က ဘယ်လောက်လိုတယ်ဆိုတာကို စာရင်းအတိအကျရှိပါတယ်။ ဒီ ဘတ်ဂျက်ရလို့ရှိရင်တော့ ကျွန်တော်တို့က တစ်ခါတည်းအကုန်ဆောက်မှာပါ။ အဲဒီတော့ ဒီနေရာမှာလည်း ကျွန်တော်တို့က ဒီမှာတစ်ခုတင်ပြချင်တာကတော့ ကျွန်တော်တို့ လာမယ့်နှစ် ၂၀၁၈-၂၀၁၉ ခုနှစ်သည် ဝန်ထမ်းအိမ်ရာနှစ်ဖြစ်ပါတယ်။ ဆေးရုံအသစ်တွေ ကျွန်တော်တို့ မလွဲမရှောင်သာမှပဲ ဆောက်ပါမယ်။ ဆောက်လက်စဆေးရုံတွေကိုတော့ ဆက်ဆောက်မယ်။ ကျန်တဲ့ပိုက်ဆံအကုန်လုံးကို ကျွန်တော်တို့က ဝန်ထမ်းအိမ်ရာ တစ်ပြည်လုံးမှာလုပ်ပါမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးတွေကနေ အကုန်လုံးစာရင်းတွေ တောင်းထားပါသည်။ သူ့တိုင်းနဲ့ပြည်နယ်မှာရှိတဲ့ ဘယ်ဆေးရုံ၊ ဘယ်မြို့နယ်ဆေးရုံ၊ ခုတင် ၂၀၀၊ ၁၀၀ ကအစ ဝန်ထမ်းအိမ်ရာစာရင်းတွေရောက်နေပါပြီ။ ရောက်နေတဲ့ဒီစာရင်းတွေကို ကျွန်တော်တို့က အကုန်လုံးသုံးသပ်

ပြီးတော့ ဦးစားပေးစနစ်နဲ့လုပ်မယ်။ ပြီးတာနဲ့ကျွန်တော်တို့က နောက်နှစ်အောက်တိုဘာလကို မစောင့်ပါဘူး။ ဇွန်လလောက်မှာပဲ သက်ဆိုင်ရာအစိုးရအဖွဲ့တွေကို ကျွန်တော်တို့အကြောင်းကြားတော့မယ်။ ကျွန်တော်တို့ ဒီတိုင်းဒေသကြီးနှင့်ပြည်နယ်မှာတော့ ဝန်ထမ်းအိမ်ရာ၊ အရာထမ်းအိမ်ရာ၊ အမှုထမ်းအိမ်ရာ ဘယ်လောက်ဆောက်ချင်ပါတယ်။ အဲဒီတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရက ကြိုတင်ပြီးတော့ တင်ဒါတောင်သူတို့ကို ခေါ်စေချင်ပါတယ်။ အောက်တိုဘာလမှာစပြီးတော့ ပိုက်ဆံရတာနဲ့ တစ်ခါတည်း ကျွန်တော် စလျှောက်ပါမယ်။ ဝန်ထမ်းအိမ်ရာဆောက်တယ်ဆိုတာ မြန်ပါတယ်။ ဆေးရုံဆောက်တာနဲ့ မတူပါဘူး။ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းမလိုတဲ့အတွက် အများကြီးနှင့် အမြန်ဆုံးပြီးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နောက်နှစ်မှာတော့ ဝန်ထမ်းအိမ်ရာနှစ်လို့ သတ်မှတ်ထားပြီးတော့ ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာကြီးပဲ အကုန်ဆောက်မှာပါ။ ဒါဆိုရင် ကျွန်တော်တို့ ဆရာဝန် Transfer ကစ အားလုံးအဆင်ပြေသွားမှာဖြစ်ပါတယ်။ ဒီ တစ်ခုပဲ ကျွန်တော်တင်ပြချင်တာကတော့ တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာဆောက်မယ်ဆိုရင် နှစ်ခန်းတွဲဆရာဝန်အိမ်ရာအတွက်ကတော့ သိန်း ၃၈၀ ကုန်ပါတယ်။ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာအတွက်ကတော့ သိန်း ၅၀၀ ကုန်ပါတယ်။ ဒါမြေပြင်အနေအထားပေါ့။ PAE ပေါ့။ Print Area Estimate အရ နည်းနည်းတော့ကွာမယ်။ ဒါပေမဲ့ အဲဒီလောက်အကြမ်းအားဖြင့် ကုန်ပါတယ်။ သို့ဖြစ်ပါ၍ ဒီငပုတောမြို့နယ်အတွင်းမှာရှိတဲ့ မကျီးကန်တိုက်နယ်ဆေးရုံအပါအဝင် ကျန်တိုက်နယ်ဆေးရုံမှာတော့ လိုအပ်တာကိုတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်မှာတော့ အကုန်လုံး ထည့်ပါမယ်။ ဧရာဝတီတိုင်းဒေသကြီးဟာနဲ့ အကုန်လုံးညှိပြီးထည့်ပါမယ်။ ဒီမှာလည်း ကျွန်တော်တို့ ထပ်မံတင်ပြရတာတော့ ပြည်သူ့ငွေစာရင်းပူးပေါင်းမှုကော်မတီမှ မဖြတ်ပါနဲ့လို့ ထပ်ပြီးတော့မေတ္တာရပ်ခံပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုက်နယ်ဆေးရုံ တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မက ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ရသေ့တောင်မြို့နယ်မှာ လူဦးရေ နှစ်သိန်းလေးသောင်းနေထိုင်လျက်ရှိပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ရသေ့တောင်မြို့နယ်မှာ ၂၅ ခုတင်ဆေးရုံတစ်ရုံတည်းတည်ရှိပါတယ်။ လောင်းချောင်းတိုက်နယ်ဆေးရုံဟာ ရသေ့တောင်မြို့တောင်ဘက်အစွန်မှာရှိပြီးတော့ ရသေ့တောင်မြို့နှင့် ၁၂ မိုင်ကွာဝေးပါတယ်။ ၎င်းလောင်းချောင်းတိုက်နယ်အနီးပတ်ဝန်းကျင်မှာ ရွာပေါင်း ၃၄ ရွာရှိပါတယ်။ ၎င်းကျေးရွာများမှာ ဒေသခံပြည်သူများ အရေးတကြီးနေမကောင်းဖြစ်လာလို့ရှိရင် လှိုင်းလေထန်တဲ့၊ မေယုမြစ်ကို ဖြတ်သန်းပြီးမှ ရသေ့တောင်ဆေးရုံ၊ စစ်တွေမြို့ရှိ ဆေးရုံကြီးများသို့ သွားရောက်ကုသကြရပါတယ်။ အဲဒီသွားရောက် တဲ့အချိန်မှာလည်း အချိန်သည်တစ်နာရီ၊ တစ်နာရီခွဲ၊ နှစ်နာရီလောက်ကြာမြင့်ပါတယ်။ လှိုင်းလေထန်တဲ့ မိုးရာသီအချိန်ကာလမှာဆိုရင် မေယုမြစ်ကိုဖြတ်ကျော်ဖို့အတွက် အချိန်ကြာကြာစောင့်ဆိုင်းပြီးမှ သွားရတာလည်းရှိပါတယ်။ ဥပမာအားဖြင့် မီးဖွားရန်ခက်ခဲတဲ့လူနာတွေ၊ အရေးပေါ်ခွဲစိတ်ရန် လိုအပ်တဲ့လူနာ

များအတွက် အလွန်တစ်ရာအခက်အခဲများကြုံတွေ့ရပါတယ်။ အချိန်မီမရောက်တဲ့အတွက်လည်း မသေသင့်ဘဲသေကြရတာတွေရှိပါတယ်။ ယခုအချိန်မှာဆိုရင် လောင်းချောင်းတိုက်နယ် ကျေးရွာအနီးမှာရှိတဲ့ ကျေးရွာတော်တော်များများဟာ တစ်ရွာကိုတစ်ရွာ မော်တော်ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ၊ မော်တော်ကားတွေနဲ့ သွားလာနိုင်ကြတဲ့အခြေအနေကိုရောက်နေပါပြီ။ တိုက်နယ်ဆေးရုံတစ်နေရာအတွက် တည်ဆောက်ဖို့အတွက် မြေနေရာကိုလည်း ရှာထားပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဒီတိုက်နယ်ဆေးရုံတစ်ရုံတည်ဆောက်ပေးမယ်ဆိုရင် လောင်းချောင်းမှာရှိတဲ့ ဒေသခံရွာသူ ရွာသားများနဲ့ အနီးပတ်ဝန်းကျင် ၃၄ ရွာမှာရှိတဲ့ ကျေးရွာသူကျေးရွာသားများအတွက် ကျန်းမာရေးအထောက်အကူ စောင့်ရှောက်မှုဖြစ်ဖို့အတွက် ကျွန်မ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မမေးမယ့်မေးခွန်းကတော့ လောင်းချောင်းကျေးရွာမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ဖို့ အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ရသေ့တောင်မှာဆိုလို့ရှိရင် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံ သုံးရုံ စုစုပေါင်း ဆေးရုံလေးရုံရှိပါတယ်။ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ ခုနဲ့ လူဦးရေ ၁၇၀၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဒီတောင်းဆိုထားတဲ့ လောင်းချောင်းကျေးရွာဟာ ကျွန်တော်တို့ မြေပုံမှာကြည့်တဲ့အခါမှာ ရသေ့တောင်မြို့နယ် ဆေးရုံနှင့် ၁၄ မိုင် စက်လှေနှင့်သွားရင် နှစ်နာရီလောက်ကြာပါတယ်။ မူစေးတိုက်နယ်ဆေးရုံနဲ့လည်း ၈ မိုင်ဝေးပြီး စက်လှေနဲ့သွားရင် တစ်နာရီ၊ မိုးရာသီမှာလည်း တော်တော်ခက်ခဲတာကို တွေ့ရပါတယ်။ မေယုမြစ်ဟိုဘက်တစ်ဘက်မှာရောက်နေပါတယ်။ လောင်းချောင်းကျေးလက်ဌာနကို ကျွန်တော်တို့ကြည့်တဲ့အခါမှာ မေယုမြစ်ရဲ့အနောက်ဘက်ကိုရောက်နေပြီးတော့ သူ့အပေါ်မှာရှိတဲ့ စေတီပြင်တိုက်နယ်ဆေးရုံဘက်ကို သွားဖို့ဆိုရင် အလွန်ခက်ခဲတာတွေ့ရတယ်။ ခက်ခဲတဲ့အပြင် မိုးတွင်းမှာဆိုရင် ရေကြီးတာနဲ့၊ ရေလျှံတာနဲ့ တော်တော်လည်းအခြေအနေဆိုးတာတွေ့ပါတယ်။ ဒီအောက်မှာဘာမှမရှိပါဘူး။ ကျွန်တော်မြေပုံမှာကြည့်တဲ့အခါမှာ မေယုမြစ်ရဲ့ဟိုဘက်တစ်ခြမ်း ဒီဘက်တစ်ခြမ်းဖြစ်တဲ့အတွက် Attachment Area ဧရိယာနဲ့လည်း ဒီဘက်မှာ လူဦးရေ ၉၀၀၀ ကျော်ရှိတဲ့အပြင် နီးစပ်တဲ့ကျေးရွာမှ အပါအဝင် ကျေးရွာ Additional ၃၂ ရွာရယ်၊ အိမ်ခြေ ၄၄၈၈၊ လူဦးရေ ၂၀၀၀၀ ကျော်လည်းရှိတဲ့အတွက် ဒီမြေပုံအနေအထားအရလည်းကောင်း၊ ဒီလုပ်ငန်းလိုအပ်ချက်အရ လည်းကောင်း ကျွန်တော်တို့က လောင်းချောင်းကျေးရွာ တိုက်နယ်ဆေးရုံကိုတော့ ၂၀၁၈-၂၀၁၉ မှာ ကျွန်တော်တို့က အဆိုပြုတင်ပြထားပြီးတော့ သက်ဆိုင်ရာစီမံကိန်းနှင့်ဖွံ့ဖြိုးရေးပုံစံစစ်ရေးအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့

တင်ပြပြီးတော့ ကျွန်တော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဒီနေ့မှာ အလျဉ်းသင့်လို့ ကျွန်တော်လည်း လွှတ်တော်ကို ပြန်လည်ပြီးတော့ ရှင်းလင်းပြစရာရှိပါတယ်။ အခုနက အားလုံးသိတဲ့အတိုင်းပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘတ်ဂျက်ကိုမဖြတ်ဖို့ ပြောကြားတာတွေရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မိမိမဲဆန္ဒနယ်မှာ လိုအပ်ချက်တွေကို တင်ပြတောင်းဆိုတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း ရေးသားမှတ်သားပြီးတော့ တင်ပြလာတာတွေရှိပါတယ်။ ဘတ်ဂျက်မှာ တင်ပြတာတွေရှိတယ်။ အဲဒီတင်ပြလာတဲ့အခါကျတော့ ကျွန်တော်တို့ ပြောချင်တာက တကယ်ဒီလုပ်ငန်းမလိုအပ်လို့ရှိရင်တော့ လုပ်ငန်းကို မပေးရင်မပေးပါနဲ့။ ဖြတ်ချင်ဖြတ်ပါ။ လုပ်ငန်းလိုအပ်နေတယ်ဆိုတဲ့ကိစ္စမျိုးဆိုရင်တော့ လုပ်ငန်းကို ပေးစေချင်တယ်။ ကျွန်တော် ပြောချင်တာက ဘတ်ဂျက်ကို စိစစ်တဲ့အခါမှာ လုပ်ငန်းတစ်ခုချင်းကိုဖြတ်မယ့်အစား သက်ဆိုင်ရာဝန်ကြီးဌာနတွေက တင်လာတဲ့ လုပ်ငန်းအပေါ်မှာ လုပ်ငန်းရဲ့အတိုင်းအတာနဲ့ ပေးမယ့်ဘတ်ဂျက်နဲ့ ဆီလျော်၏/မဆီလျော်၏ စိစစ်ပြီး ဖြတ်တာက နောက်ဆုံးရသုံးခန့်မှန်းခြေငွေစာရင်း Amount မှာ သွားတူပြီးတော့ ဒီဘက်က လုပ်ငန်းမလျော့ဘူး။ တန်ရာတန်ဖိုး မျှမျှတတတန်ဖိုးဖြစ်မယ်။ အဲဒီလိုလုပ်ငန်းတွေကိုမဖြတ်ဘဲနဲ့ လုပ်ငန်းတစ်ခုချင်းအပေါ်မှာ စိစစ်တဲ့ပမာဏ လုပ်ငန်းအတိုင်းအတာနဲ့ မှန်းဆပြီးတော့ မှန်မှန်ကန်ကန်တွက်ချက်ပြီး ဖြတ်နိုင်တာက ပိုပြီးတော့အကျိုးရှိမယ်လို့ ကျွန်တော် ဒီလိုတွေ့ရှိရပါတယ်။

ဘာဖြစ်လို့ ဒီလိုပြောလဲဆိုတဲ့အခါကျတော့ အခုနကလည်း ပြောပါတယ်။ ဒါ တစ်လက်စတည်း အကြောင်းတိုက်ဆိုင်လို့ ရှင်းလင်းတင်ပြတာပါ။ နိုင်ငံ့ဝန်ထမ်းအိမ်ရာတွေဆောက်တယ်။ တင်လာတာတွေရှိတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှစ်လို့ သတ်မှတ်ထားတယ်ဆိုပြီး ဝန်ကြီးဌာနပြောသွားတာ မှတ်သားမိပါတယ်။ ကျွန်တော် ပွင့်ပွင့်လင်းလင်းပြောပါ့မယ်။ ကျွန်တော်တို့ တချို့။ တချို့ဆိုတာ အနည်းစုပါ။ တချို့ကိုယ်စားလှယ်တွေကလည်း အစိုးရရဲ့ Policy နဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ဘယ်လိုရည်ရွယ်ချက်နဲ့လုပ်တာကို အမှုမဲ့၊ အမှတ်မဲ့ ပညာရှိသတိဖြစ်ခဲဖြစ်ပြီးတော့ ဒီထဲမှာ သိပါတယ်။ ကာယကံရှင်တွေသိမှာပါ။ အဲဒီဘတ်ဂျက်ကိုလည်း လုံးလုံးလျားလျား မပေးဘူး။ ဖြတ်ချင်တယ်ဆိုတာတွေရှိတယ်။ ဒါ ကျွန်တော်တို့ သတိထားရမှာ။ နောက်တစ်ခုက ကျွန်တော်တို့ ကိုယ်စားလှယ်တွေက သူ့အတွက်၊ ကိုယ့်အတွက်၊ သူ့ဘက်၊ ကိုယ့်ဘက်မဟုတ်ဘဲနဲ့ မှန်မှန်ကန်ကန် ဖြတ်တာကိုလည်း လေးစားတယ်။ ဘာလဲဆိုလို့ရှိရင် ရေပေးတယ်။ ရေပေးတဲ့အခါမှာ သံခေတ်တွေပါတယ်။ သံခေတ်တွေပါတဲ့အခါကျတော့ ယားယံတယ်။ ရေတစ်ခါချိုးဖို့ကို လွှတ်တော် ဖွင့်ဖွင့်ချင်းနေ့ဆိုရင် တစ်ရက်လောက်အကြည်ခံပြီးမှချိုးရတယ်။ အဲဒီအခါကျတော့ သံခေတ်တွေစစ်ဖို့၊ ရေစစ်ကန်လုပ်ဖို့ ကိုယ်စားလှယ်တွေအတွက်ပါ။ ဒီအပြင်လူတွေအတွက်မဟုတ်ဘူး။ ဘတ်ဂျက်တင်တောင်းတယ်။ လုံးလုံးမပေးဘူးဆိုပြီးဖြတ်လိုက်တယ်။ ကိုယ့်အတွက်လည်းမကြည့်ဘူး။ မှန်မှန်ကန်ကန်ကျင့်သုံးတယ်ဆိုတာတော့ တန်ဖိုးထားပါတယ်။ လေးစားတယ်။ သို့သော် ကျွန်တော် ပြောချင်တာက လုပ်ငန်းအပေါ်မှာဖြတ်တာထက် လုပ်ငန်းရဲ့အတိုင်းအတာအပေါ်မှာ တကယ်ကုန်ကျမယ့်ငွေကြေးပမာဏကို

စိစစ်ဖြတ်တာက သူ့ဘက်၊ ကိုယ့်ဘက်ပိုပြီးတော့ အဆင်ပြေချောမွေ့မယ်လို့ ကျွန်တော် ဒီလိုစဉ်းစားမိပါတယ်။ ဒါကိုလည်း ဘတ်ဂျက်စိစစ်တဲ့အဖွဲ့တွေ၊ ကိုယ်စားလှယ်တွေက စဉ်းစားစေချင်တယ်။ ကျွန်တော် အခုပြောတဲ့နှစ်ချက်သည် ဒါ လောလောဆယ်ဖြစ်နေတဲ့ပြဿနာနှစ်ခုပြောတာ။ အခုနက နိုင်ငံ့ဝန်ထမ်းအိမ်ရာကိစ္စ၊ နောက်တစ်ခုက ကိုယ်စားလှယ်တွေချိုးတဲ့ သံခါတ်တွေပါလို့ ရေစစ်ကန် လုပ်ပေးမယ့်ကိစ္စ။ အဲဒါလေးတွေက ကျွန်တော်တို့က ကိုယ်လုပ်ပိုင်ခွင့်ရှိလို့လုပ်လိုက်တယ်ဆိုတာက အများအကျိုးအတွက်ဖြစ်ဖို့လိုတယ်။ နည်းလမ်းတကျဖြစ်လို့လည်း လိုတယ်။ ဒါလေးတွေကိုတော့ ကျွန်တော်တို့ ဘတ်ဂျက်စိစစ်တဲ့အခါမှာ ထည့်သွင်းပြီးတော့ စဉ်းစားစေချင်ပါတယ်။

**ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က နိုင်ငံသားတိုင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် Mobile Medical Team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာအောင်ခင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ဖြစ်ပါတယ်။ ကျွန်တော့်အဆိုကတော့ နိုင်ငံသားတိုင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် mobile medical team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်များတွင်နေထိုင်ကြလျက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာလုပ်၊ တောင်ယာခုတ်၊ ကြုံရာလုပ်ကြရသူများ ဖြစ်ကြရပါတယ်။ အများစုများမှာ နေ့စဉ်ဝင်ငွေနည်း၍ မိသားစုကျန်းမာရေး မစဉ်းစားနိုင်ဘဲ စားဝတ်နေရေး၊ ပညာရေးအတွက်ပင် မလောက်မငှပင်ဖြစ်ပါတယ်။ ၎င်းကျေးလက်နေပြည်သူများမှာ အာဟာရပြည့်ဝစွာမရသည့်အပြင် နေပူမရှောင် မိုးထဲ၊ ရေထဲ ရေလုပ်သားများအပါအဝင် ပင်ပန်းကြီးစွာလုပ်ကိုင်စားသောက်ကြရသည့်အတွက် ရောဂါဖြစ်နိုင်ချေပိုများကြပါတယ်။ လူမှုစီးပွားရေးနိမ့်ကျမှုကြောင့် ပညာရေးအားနည်းသလို ကျန်းမာရေးအသိ နတ္ထိပါပဲ။ ထို့ကြောင့် ကျန်းမာရေးပြဿနာသည် ကျယ်ပြန့်လွန်းသဖြင့် ကျန်းမာရေးချည်းသက်သက် ခွဲခြားရှုမြင်သုံးသပ်ရန်မဖြစ်နိုင်ပါ။ တောင်းကြီးဖြို့မယ့်ကြုံ ခါးကမသန်ဆိုသလို နိုင်ငံတော်၏ လူမှုစီးပွားဘဝအနေအထားကို စဉ်းစားရမည့်အတွက် အခြားဝန်ကြီးဌာနများနှင့် ပြည်သူများလည်း ပူးပေါင်းပါဝင်ဖို့လိုတယ်ဆိုတာ တင်ပြလိုပါ

တယ်။ ထို့အပြင် နိုင်ငံတော်ရဲ့အသုံးစရိတ် ကျန်းမာရေးအခြေခံအဆောက်အဦအနေအထား ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြည်သူလူထုတို့၏အပြုအမူတို့သည်လည်း ရှုမြင်သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ SEI လို့ခေါ်တဲ့ Social Economic Index ကိုပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူတိုင်းသက်တမ်းစေ့ ကျန်းမာစွာနေထိုင်ရေးတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပြည်သူလူထုများကပါ ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း နိုင်ငံတော်ရဲ့ကျန်းမာရေးအဆင့်အတန်းမြင့်မားလာရေးကို ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါမှသာ ကျန်းမာရေးမူဝါဒဖြစ်တဲ့ Universal Coverage အကောင်အထည်ဖော်မှုအားကောင်းလာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် မွေးဖွားစဉ်ရှိသင့်သော သက်တမ်းမှာ ၆၆ နှစ်ဖြစ်သော်လည်း ကျန်းမာစွာနေထိုင်နိုင်သည့် သက်တမ်းမှာ ၅၇ နှစ်ဖြစ်နေခြင်းမှာ မွေးဖွား ပြီးနောက်ဖြတ်သန်းရှင်သန်ရသော နိုင်ငံ၏ ယင်းအပေါ်သက်ရောက်မှုများနှင့် သက်ဆိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ကျန်းမာရေးသက်ရောက်မှု(Health Impact Assessment)သည် အရေးကြီးလှပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ကျန်းမာရေးအခြေအနေအဆင့်အတန်းကို အကဲဖြတ်ရာမှာ မွေးကင်းစကလေးသေနှုန်း၊ အသက်(၅)နှစ်အောက်ကလေးသေနှုန်း၊ မိခင်သေနှုန်းတို့၏ အဓိကညွှန်းကိန်းများဖြစ်ကြပါတယ်။ ၂၀၁၅ ခုနှစ် WHO ၏ ကျန်းမာရေးစနစ်အခြေအနေကို ထုတ်ပြန်ရာမှာ နိုင်ငံပေါင်း ၁၉၀ စာရင်းတွင် မြန်မာနိုင်ငံသည် နောက်ဆုံးနံပါတ်ချိတ်သော နိုင်ငံဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အရှင်မွေး ၁၀၀၀၀၀ ဦးလျှင် မိခင်သေနှုန်း ၂၀၀ ခန့်ရှိပြီးတော့ အသက်(၅)နှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေး ၁၀၀၀ ဦးလျှင် ၅၁ ယောက်ရှိနေပါတယ်။ အဲဒီနေရာမှာ New Born လို့ခေါ်တဲ့မွေးကင်းစကလေး ၂၁ ရက်သားအရွယ်သေနှုန်းက သေဆုံးမှုအားလုံးရဲ့ ၅၁ ရာခိုင်နှုန်းဖြစ်ပြီးတော့ (၁)နှစ်အောက်ကလေးသေနှုန်းကတော့ ၂၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ (၁)နှစ်ကနေ (၄)နှစ်ကလေးသေနှုန်းကတော့ ၂၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီတော့ (၅)နှစ်အောက်ကလေးသေဆုံးရခြင်းအကြောင်းအရင်းဟာလည်း လမစေ့ဘဲမွေးဖွားခြင်းသည် ထိပ်ဆုံးမှဖြစ်နေပြီးတော့ အသက်ရှုလမ်းကြောင်းရုတ်တရက်ပိုးဝင်ခြင်း၊ မွေးဖွားစဉ်အသက်ရှုပိတ်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်းနှင့် သွေးဆိပ်သင့်ခြင်းတို့ကဲ့သို့ ပိုးမွှားကြောင့်ဖြစ်သောပြဿနာသည်လည်း ကြီးမားသောအကြောင်းအရင်းဖြစ်ပါတယ်။ ထို့ကြောင့် ကလေးမွေးဖွားခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်းသည် အားနည်းချက်များရှိသကဲ့သို့ ပိုးမွှားသန့်စင်မှုမရှိသော ပတ်ဝန်းကျင်တွင်မွေးဖွားရခြင်းမှာလည်း အားနည်းချက်ရှိနေသည်ကို မီးမောင်းထိုးပြရန်ဖြစ်ပါတယ်။ ထို့အပြင် ကိုယ်ဝန်ဆောင်စဉ်ကာလမှာ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအားနည်းခြင်း၊ ကျန်းမာရေးအဆောက်အဦများ၌ လာရောက်မွေးဖွားသည့်နှုန်းမှာ မွေးဖွားမှုအားလုံး၏ ၃၆ ရာခိုင်နှုန်းသာရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာများမှာ သာမန် နှာစေး၊ ချောင်းဆိုး၊ ရောဂါများလောက်သာ ဆေးကုသခွင့်ရနိုင်သော်လည်း တချို့ရောဂါများဖြစ်သည့်အခါ ဆရာဝန်နှင့်ပြသရာမှာ ခက်ခဲပါတယ်။ ထို့ကြောင့် ဆေးရုံတက်ရောက်ကုသရာတွင် နောက်ကျသဖြင့် အပ်နှင့်ထွင်းရမည့်ကိစ္စ ပုဆိန်နှင့်ပေါက်

ရသည့်ကိန်းစိုက်ပါတယ်။ ငွေရေးကြေးရေးကုန်ကျမှုများစွာရှိ၍ လူမှုစီးပွားဒုက္ခရောက်သည့်အပြင် မဖြစ်သင့်မသေသင့်ဘဲ သေကြရပါသည်။ ဒေသဆိုင်ရာ ခရိုင်၊ မြို့နယ်ကျန်းမာရေးဌာနရှိ ဆရာဝန်များ၊ မိခင်နှင့်ကလေးဆရာဝန်၊ ကျောင်းကျန်းမာရေးဆရာဝန်၊ သွားဘက်ဆိုင်ရာ စသည့်ဆရာဝန်များမှ တစ်ဦး၊ နှစ်ဦးပါဝင်သော ကွင်းဆင်းကျန်းမာရေးအဖွဲ့ဖွဲ့ပြီး ကျန်းမာရေးကျေးရွာများသို့ ဆေးကုသပေးခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်နိုင်ပါသည်။ တစ်ပြိုင်နက်တည်းပဲ ကျောင်းကျန်းမာရေးကိုလည်း ကျေးလက်ကျန်းမာရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ မိမိတို့ဌာနအလုပ်ပျက်ကွက်မှုမရှိစေရန် အလှည့်ကျကွင်းဆင်းစိစစ်ရေးဆွဲ၍ လိုအပ်ပါတယ်။ ဥပမာ- တစ်လလျှင် ပထမပတ်၏ကာကွယ်ဆေးထိုးခြင်း နောက်ဆုံးအပတ်တွင်လချုပ်စာရင်းများလုပ်ခြင်းရှိနေသဖြင့် အလည်နှစ်ပတ်အတွင်းသာ အဆင်ပြေသလို ကွင်းဆင်းမည့် ကျေးရွာဧရိယာပိုင် RHC ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ RHC ဝန်ထမ်းများဟာ Focal များဖြစ်ပါတယ်။ ဥပမာဆိုကြပါစို့ ကျွန်တော်တို့က မြို့နယ်တစ်မြို့နယ်မှာ RHC ၅ဦးရှိတယ်ဆိုရင် Scrap Center လေးခုရှိပါတယ်။ အဲဒီတော့ Sub Center တွေကိုသွားမယ်ဆိုရင် Sub Center ၂၀ ရှိ ပါတယ်။ တစ်လမှာ တစ်ပတ်နှင့်တစ်ရက်ခြားသွားမယ်ဆိုရင် သုံးရက်တစ်ပတ်ကို အဲဒီတော့ နှစ်ပတ်သွားမှာ ဖြစ်တဲ့အတွက် ခြောက်ရက်ရပါတယ်။ အဲဒီတော့ လေးလသွားလိုက်တာနဲ့ ၂၄ ရက်ရပါတယ်။ Sub Center သည် ၂၀ ဖြစ်တဲ့အတွက် Sub Center Area တစ်ခုမှာ ရွာတစ်ရွာတစ်ရွာ ရောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကျေးရွာတွေမှာ သုံးလကနေ လေးလအကြာမှာ Sub Center အတွင်းမှာရှိတဲ့ ရွာတစ်ရွာဆီရောက်သွားမှာဖြစ်တဲ့အတွက် တစ်နှစ်လျှင် Sub Center မှာရှိတဲ့ရွာများကို Coverage ပိုရမယ်လို့ကျွန်တော် သုံးသပ်မိပါတယ်။ ခရိုင်နှင့် တိုင်းဒေသကြီး တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြီးတော့ သင့်တော်တဲ့နေရာများသို့ တစ်လတစ်ကြိမ် ကွင်းဆင်းဆေးကုလျှင်လည်း Universal Coverage ပိုကောင်းလာပါတယ်။ ဥပမာဆိုကြပါစို့ ကျွန်တော်တို့မျက်စိအထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကုစသည်တို့ကလည်း ကျွန်တော်တို့နဲ့ ပူးပေါင်းပြီးဆောင်ရွက်ရင် ကျွန်တော်တို့အောင်မြင်နိုင်တယ်လို့ Universal Coverage ပိုကောင်းတယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ပြင်ဦးလွင်မြို့နယ်မှာဆိုရင် ခုနကပြောသလိုပဲ ဆောင်ရွက်နေတာဟာ ကျွန်တော်တို့ တစ်နှစ်ကျော်ကျော်ရှိပါပြီ။ ခုန ကျွန်တော်ပြောတဲ့အစီအစဉ် အတိုင်းပဲ ဆောင်ရွက်နေပါတယ်။ ထို့ကြောင့် ဆရာဝန်များနှင့် ဆေးကုသခွင့်မရရှာသော ကျေးလက်နေပြည်သူများအား mobile medical team ဖြင့် Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးပဲကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကြည့်ရတာ ဘေးကနေ ဒေါက်တာလှမိုးက လက်တို့လိုက်တယ်ထင်တယ်။ ဒေါက်တာအောင်ခင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဖိတ်ခေါ်ပါတယ်။

**ဦးလှထွန်းအောင်(မလှိုင်မဲဆန္ဒနယ်)**။ ။ ယုံကြည်လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင် ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြသွားတဲ့အဆိုဟာ နိုင်ငံတော်အတွင်းမှာ မီကင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များ၊ ပြည်သူများအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံအားကောင်းလာစေရန်ဆိုတဲ့ ကောင်းမွန်သောရည်ရွယ်ချက်နှင့် ဒီအဆိုကိုတင်သွင်းခြင်းဖြစ်တယ်ဆိုတာ ထင်ရှားလာပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ ကျန်းမာရေးကဏ္ဍရဲ့ မူဝါဒနှင့်ကိုက်ညီနေသလို၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ မူဝါဒဖြစ်တဲ့ ပြည်သူအများစုလက်လှမ်းမီနိုင်သော ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုစနစ်ပေါ်ပေါက်လာစေရန် ဆိုတဲ့ ရည်မှန်းချက်နှင့်လည်း အကျုံးဝင်နေတာကိုလည်း တွေ့ရပါတယ်။ အဆိုရှင်တင်သွင်းသွားတဲ့ အထဲမှာ ကျွန်တော်နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများဟာ ဘဝရဲ့စိန်ခေါ်မှုများစွာ ကို ရင်ဆိုင်နေကြရတဲ့အတွက် ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်ဆေးဝါးများနှင့် အလှမ်းကွာဝေးပြီးတော့ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေကြရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်ကျန်းမာရေးဌာနမှာ ရှိတဲ့ ဆရာဝန်တစ်ဦးကို ဦးဆောင်ပြီးတော့ ကွင်းဆင်းဆေးကုသရေးအဖွဲ့(Mobile Medical Team) အား စနစ်တကျဖွဲ့စည်းပြီး သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး အလှည့်ကျကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးပါက ကျွန်တော်တို့ ပြည်သူလူထု ကြီးရဲ့ ကျန်းမာရေးအဆင့်အတန်းဟာ တက်လာမှာသေချာလှပါတယ်။ သို့ဖြစ်ပါ၍ မိခင်ဌာနအလုပ်ကို မပျက်စေဘဲနဲ့ ကွင်းဆင်းကုသရေး(Mobile Medical Team)နဲ့ ကျေးရွာလူထုရဲ့ ကျန်းမာရေးကို မြှင့်တင်ပေးခြင်းမှာ ပြည်သူအများစုလက်လှမ်းမီနိုင်သော ကျန်းမာရေးလွှမ်းခြုံစောင့်ရှောက်မှုစနစ်ကို ပေါ်ပေါက်လာစေရန် ရည်မှန်းထားတဲ့ ကျန်းမာရေးမူဝါဒကို အကောင်အထည်ဖော်ရာရောက်တဲ့ အတွက် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်အဆိုဖြစ်တဲ့ နိုင်ငံသားတိုင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ် ကျန်းမာရေးဝန်ထမ်းများနှင့် Mobile Medical Team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ Rural Community Health မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ အောင်ခင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲ ငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဒေါက်တာအောင်ခင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံသားတိုင်း ကျန်းမာရေး စောင့်ရှောက်မှုလွှမ်းခြုံအားကောင်းလာစေရန် ဒေသဆရာဝန်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် Mobile Medical Team ဖွဲ့ပြီး ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂-၂-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၅-၁-၂၀၁၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၀၀ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့
# (၁.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ




Dr Salai Reranvel    Dr Myint Htwe




U Min Thein    Dr Myint Htwe




U Sai Maung Pwint    Dr Myint Htwe




U Myo Nyunt    Dr Myint Htwe




U Than Aung    Dr Myint Htwe




Daw Khin Saw Wai    Dr Myint Htwe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်